**စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)**

**စက်မှုကျွမ်းကျင် (၁) နှစ် သင်တန်း၊ အမှတ်စဉ် (၁၅) သင်တန်းဝင်ညွှန်ကြားလွှာ**

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)၊ အမှတ်စဉ် (၁၅) သင်တန်းအတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)၊ စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်း၊ အမှတ်စဉ်(၁၅)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေရှိ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) တွင် ဖွင့်လှစ်ပါမည်။

**သင်တန်းအမျိုးအစားနှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်များအား စာတွေ့ (၃၀%) လက်တွေ့ (၇၀%) သင်ကြားပို့ချမည်ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေး သင်ကြားပို့ချမည်။ သင်တန်းသား/သူ စုစုပေါင်း (၁၅၀) ဦးကို အောက်ဖော်ပြပါ ဘာသာရပ်များအလိုက် လက်ခံသင်ကြားပေးမည် ဖြစ်ပါသည် -

| စဉ် | သင်ကြားပို့ချမည့် ဘာသာရပ် | သင်တန်းသား/သူ ဦးရေ | သင်တန်းကာလ | ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စက်ရုံပစ္စည်းပညာသည်သင်တန်း ( Machinery Course ) | ၃၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀) တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၂ | ကွန်ပျူတာသုံးဒီဇိုင်း/ထုတ်လုပ်မှုသင်တန်း ( CAD/ CAM Course ) | ၃၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀) တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၃ | လျှပ်စစ်ပညာသည်သင်တန်း ( Electrical Course) | ၃၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀) တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၄ | အီလက်ထရောနစ်ပညာသည်သင်တန်း ( Electronics Course ) | ၃၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀) တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| ၅ | သတ္တုရည်ကျိုပညာသည်သင်တန်း ( Foundry Course ) | ၃၀ ဦး | ၁ နှစ် | တက္ကသိုလ်ဝင်တန်း (၁၀) တန်းဖြေဆိုဖူးသူ/ KG+12 တက်ဖူးသူ |
| | **စုစုပေါင်း** | **၁၅၀ ဦး** | | |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေး ကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**လျှောက်ထားသူများတွင် ရှိရမည့် သတ်မှတ်အရည်အချင်းများ**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ ဖြစ်ရမည် -

(က) တက္ကသိုလ်ဝင်တန်း(ဒသမတန်း)သင်ယူ/ဖြေဆိုဖူးသူ(သို့မဟုတ်)စနစ်သစ်ပညာရေး၏ KG+12 တက်ဖူးသူဖြစ်ရမည်။

( ခ ) ၂၀၂၅ ခုနှစ်၊ မေလ (၁၉) ရက်နေ့ (သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်) တွင် အသက် (၁၇) နှစ်ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( စ ) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ နေထိုင်နိုင်သူဖြစ်ရမည်။

(ဆ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါ အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို သေချာစွာဖြည့်စွက် လျှောက်ထားရန် လိုအပ်ပါသည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့် ရရှိသူအမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့်ရက် မတိုင်မီ ကြိုတင်၍ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) တွင် ကြေငြာထားမည် ဖြစ်ပါသည်။

**(က) လျှောက်လွှာရရှိနိုင်သောနေရာများ**

အောက်ဖော်ပြပါ ဌာနများတွင် ရယူနိုင်ပါသည် -

(၁) အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)၊ သာဂရစက်မှုနယ်မြေ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်( ၃၀ )၊ နေပြည်တော် ။

(၃) www.industry.gov.mm များနှင့် itc Thagaya Facebook Account တို့တွင် download ပြုလုပ်ပြီး ရယူနိုင်ပါသည်။

**( ခ ) လျှောက်လွှာ ပိတ်ရက် / ပေးပို့ရန်နေရာ**

**၂၀၂၅ ခုနှစ်၊ မတ်လ(၂၅)ရက် (၁၆:၀၀) နာရီ** နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဌာနများသို့ ပေးပို့ရမည်–

(၁) အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)၊ သာဂရစက်မှုနယ်မြေ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ (သို့မဟုတ်)

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**( ဂ ) လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပါရှိရမည် –

| | |
|---|---|
| (၁) လျှောက်လွှာမူရင်း | ( ၁ ) စောင် |
| (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | ( ၁ ) စောင် |
| (၃) လိုင်စင်ဓါတ်ပုံ | ( ၃ ) ပုံ |
| (၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ–<br>အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ( မူရင်း ) (သို့မဟုတ်)<br>မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ထောက်ခံစာ ( မူရင်း ) | ( ၁ ) စောင် |
| (၅) တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် ( မိတ္တူ ) (သို့မဟုတ်)<br>တက္ကသိုလ်ဝင်တန်း (၁၀)တန်း အောင်မြင်/ကျရှုံးကြောင်း(သို့မဟုတ်)<br>စနစ်သစ်ပညာရေး၏ KG+12 တက်ဖူးကြောင်းထောက်ခံစာ(မူရင်း) | ( ၁ ) စောင် |
| (၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာရေးကောင်းမွန်ကြောင်း<br>ဆေးထောက်ခံစာ(မူရင်း) | ( ၁ ) စောင် |
| (၇) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း ဆေးမှတ်တမ်း<br>( မိတ္တူ ) | ( ၁ ) စောင် |

**မှတ်ချက်။** အသက်နှင့် ပညာအရည်အချင်းအတွက် လျှောက်လွှာ၏ ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကို ဖြည့်စွက်ရန်လိုအပ်ပါသည်။ သို့ရာတွင်လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပညာအရည်အချင်းနှင့် ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ထောက်ခံချက်ကိုသာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

**အရည်အချင်း စစ်ဆေးခြင်း**

၈။ သင်တန်းတက်ရောက်ခွင့် ရရှိရေးအတွက် အင်္ဂလိပ်စာအခြေခံ၊ သင်္ချာအခြေခံနှင့် စက်မှုဆိုင်ရာ ဗဟုသုတများကို လူတွေ့နှုတ်မေး ဖြေဆိုရမည် ဖြစ်ပါသည်။ လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေ၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း

(သာဂရ)တွင် (၂.၄.၂၀၂၅) ရက်နေ့မှ (၄.၄.၂၀၂၅) ရက်နေ့အထိ ပြုလုပ်သွားပါမည်။ လူတွေ့စစ်ဆေးရာတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်း) (သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်မြင်/ကျရှုံးဖူးကြောင်း၊ စနစ်သစ်ပညာရေး၏ KG+12 တက်ဖူးသူဖြစ်ကြောင်း ထောက်ခံစာ(မိတ္တူ)တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။ သင်တန်းတက်ရောက်ခွင့်ရသူများစာရင်းကို အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)တွင် ကြေငြာထားပါမည်။

## သင်တန်းဖွင့်လှစ်မည့်နေ့ရက်

၉။ ၂၀၂၅ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းဝင်ခွင့်ရသူများသည် မိမိအစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေ၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) သို့ ၂၀၂၅ ခုနှစ်၊ မေလ (၁၆) ရက်နေ့ထက် မစောပဲ၊ မေလ (၁၇) ရက်နေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အုပ်ထိန်းသူတစ်ဦးနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပို့ရပါမည်။

## သင်တန်းကာလ

၁၀။ ၂၀၂၅ ခုနှစ်၊ မေလ (၁၉) ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၈) ရက် အထိ ( ၁ )နှစ်။

## နေရာထိုင်ခင်း

၁၁။ လူတွေ့နှုတ်မေးစစ်ဆေးခြင်းကာလ၌ နေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို မိမိအစီအစဉ်ဖြင့်ဆောက်ရွက်ရမည်။ သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သင်တန်းဝင်ခွင့် အောင်မြင်သူများအတွက် သင်တန်းတက်ရောက်စဉ်ကာလအတွင်း သင်တန်းကျောင်းဆောင်များတွင် နေရာချထားပေးမည်။

( ခ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သောအကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်း အဆောင်များတွင် လာရောက်တည်းခိုခွင့်မပြုပါ။

## စားစရိတ်

၁၂။ သင်တန်းသားတစ်ဦးလျှင် လစဉ်စားစရိတ်အဖြစ် (၄၅,၀၀၀)ကျပ်ကို နိုင်ငံတော်မှ ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

## သတ်မှတ်ယူနီဖောင်း

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူအားလုံးသည် နက်ပြာရောင်(အင်္ကျီ၊ဘောင်းဘီရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ် တစ်စုံလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် (၂)စုံအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများသည် အောက်ပါသင်တန်းစည်းကမ်းများကို လိုက်နာကြရပါမည် -

(က) သင်တန်းကာလ ပြီးဆုံးအောင်တက်ရောက်ပါမည်ဟု သင်တန်းသားကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသော ကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

( ခ ) သင်တန်းကာလအတွင်း မည်သည့်စာမေးပွဲမှ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

( ဂ ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန် (၈၀%)ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှ ဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာနိုင်ရပါမည်။

( င ) စက်မှုဝန်ကြီးဌာန ဝန်ထမ်း သင်တန်းသားများသည် စည်းကမ်းပျက်ကွက်၍သင်တန်းမှ ထုတ်ပယ်ခြင်းခံရလျှင် ပျက်ကွက်ဝန်ထမ်းတစ်ဦးကဲ့သို့ အရေးယူခြင်းခံရမည်ကို သိရှိလိုက်နာမည့်အကြောင်းနှင့်သင်တန်းဆင်းပြီးသည့်နေ့မှစ၍ မိခင်စက်ရုံ၊ လုပ်ငန်း၊ဌာနတို့တွင် ဆက်တိုက်(၅)နှစ် တာဝန်ထမ်းဆောင်ပါမည့်အကြောင်း သက်ဆိုင်ရာစက်ရုံ၊ လုပ်ငန်းဌာနတို့တွင်ကြိုတင်ကတိဝန်ခံချက် လက်မှတ်ရေးထိုး၍ စာချုပ် ချုပ်ဆိုခဲ့ရပါမည်။

**အောင်လက်မှတ်ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလ ပြီးဆုံးအောင်တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်းဆင်းပွဲ အခမ်းအနားတွင် အောင်လက်မှတ်ချီးမြှင့်ပါမည်။

**မှတ်ချက်။ ဝန်ကြီးဌာနများနှင့် စက်မှုဇုန်များအနေဖြင့် မိမိလက်အောက်ရှိဌာနခွဲများ၊ တပ်ရင်းတပ်ဖွဲ့များသို့ ဤညွှန်ကြားလွှာမူရင်းအတိုင်း အချိန်မီ ဖြန့်ဝေပေးပါရန်နှင့် လျှောက်လွှာပိတ်ရက် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၅)ရက် (၁၆:၀၀) နာရီ မတိုင်မီ လျှောက်လွှာတင်နိုင်ရေး အတွက် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။**